# လင်းရောင်ခြည်

## ရသကကြီး



နလုံးသား ရသ၊ ကဗျာ၊ ဝတ္ထုတိုစုစည်းမှု

ဂမ်းစာ




# စိုးနံ့သာ(ပုလော)

နိုင်းစရာ စကားအနှစ်ဖွဲ့တွေနဲ့

“မျိုးအစား ငါးဖြစ်သတဲ့”ရယ်လို့

ထားရစ်ခဲ့ ရှေးပုံပြင်။

ခါတစ်ပါးမှာလေ

ငါသွားရာ ချောင်းတစ်ကွေ့မှာဖြင့်

ကြုံတွေ့လာ အဖြစ်ဆန်းပါတကား

ကမ်းစပ် တစ်နေရာ၌

အစားရှာ တစ်ကောင်မျိုးရယ်က

ရေလှိုင်းအောက် အသာလျှိုလို့

တံငါကို ငါးကိုဖမ်း

နှုတ်ခမ်းပေါ်တင်။

ရင်မချိလေဘု

မြင်မိစဉ် ငါးကိုသနားပါလို့

စဉ်းစားကာ ကယ်မချင်လည်း

တစ်ဖတ်တွင် မျိုးကိုကြည့်ပြန်တော့

သူ့အစာ သူရှာစားတာပဲ

တရားတယ်လို့ စိတ်မှာမြင်

အမှန်ပင် ဆိုရမလား။

ဩော်...ပဟေဠိအသွင်

အဖြေညှိုလျှင် အမှန်ရမှာပေါ့
ကြံဆကာ တွေးနေခိုက်မှာပဲ
ဆာလိုက်တာ သတိဝင်တော့
အသိတွင် တခြားမတွေးနိုင်ဘူး
“ငါးကလေးကို ရေမှာဖမ်း
ကမ်းစပ်မှာ ဗျိုင်းကိုထောင်”
နေအရောင် မှောင်မကူမီဘဲ
လှေဦးကို အသာလှည့်
ပြန်ခဲ့တကား။

**စိုးနှံ့သာ(ပုလော)**

*

# ကညွတ်နွယ်(ထီလာ)



ကြာမျိုးစုံ ကြာစုံလှ

ကြာမှုန်ရွှ ကြာငုံ

ကြာထုံးမြ ကြာမုံသွင်

ကြာဂုဏ်အင် ကြာမြတ်

ကြာကလပ် ကြာချပ်ငယ်

ကြာယက်နွယ် ကြာပုံထင်မှတ်။

ကြာဖူးယှက် ကြာဖတ်ထွေ

ကြာခတ်ဝေ ကြာညှပ်

ကြာရွက်ခြွေ ကြာလှပ်တော့

ကြာဖတ်နဲ့ ကြာစွယ်

ကြာရိုးမြို ကြာအုံထဲမှာမို့

ကြာရုံဆဲ ကြာနန်းဆောင်ဝယ်။

ကြာစခန်း ကြာလွမ်းဖွယ်

ကြာပန်းငယ် ကြာဖြူငဲ့

ကြာမှုန္ဒဲ့ ကြာစို့ကလူ

ကြာညှို ကြာမြှူ


ကြာချူလှည့် ကြာနွယ်လှူ

ကြာရွက်သူ ကြာရှူးတော့လေး။

**ကညွတ်နွယ်(ထီလာ)**

* * *

# ထန်းလက်တဲ့ မိုးတဲ့နေ့


Lwan Naung
Timeline
About
Friends
Post
Also from Yangon, Burma
FRIENDS
PHOTOS

# လွမ်းနောင်

နှောင်းနွေအခါ ဂဠုာက မိုးတွေညို့လျှင်ဖြင့်

ပေါင်းဆွေသဟာလာကြ အမိုးတွေ တို့ပြင်စို့ရဲ့

ဖိုးခင်တို့တဲ့ရယ်နဲ့ နွားစားခြံ

(အိုကွယ်.......)

မိုးစင်လို့ဖြင့် ရွဲသွားမှာအမှန်။

တန်းဖော်အခြင် အစီအရီ ထပ်ပါလို့

ဝါးခြမ်းလျှော်ပင် စည်စည် "ခတ်"လေကွယ့်

အပီအညီ ညှပ်ကာ အကွက်ဖော်ထိုးပါလို့

မဟီဆီညွတ်ကာ တစ်ကွက်ကျော်မိုးလျှင်ဖြင့်

အရပ်ကျော်ဟိုးပါလို့ ဆာယာချို့အမှန်

(အလိုကွယ့်)

ဆဌမော်စိုးသူက မနာလိုပြန်။

ထန်းလက်ရော် အသစ်မိုး အပြီးမှတော့

မှန်းလျက်နော် နှစ်နှစ် မိုးမစီးစေဖို့

ကောက်ရိုးကြီးကြီး ထူထူခေါင်းမှာ ထပ်ပြန်ပေါ့

နောက်တစ်မျိုး အပြီးအစီးမူ ဘောင်ပမာ ပြဿတန်ရယ်နဲ့

မပြတ်မှန်ရောင်သ လေအလာ မှိန်းအုပ်ပေး(လို့ရယ်) (ဖိုးခင်ရေ)

ကျွတ်မလန်အောင်ပ အသေအချာ ထိန်းချုပ်သိမ်း၊

နွေအခါလေ

ရွှေညာမြေ အလှတင် တိုးပါလို့
ပြည်ရွာမလေး ဘဂုမြင့် ဖြိုးပါလိမ့်
တို့ရိုးရာ ထန်းလက်တဲမိုး ယဉ်အလှရယ်က
မြင်ရတာ ရင်မှာ လန်းကာဖြာဝေလို့
ရွှင်ပြုံစွာ ဘဝင်မှာ ချမ်းကာသာပေလိမ့်
ရွှေညာစွာ ဘဝင်မှာ ချမ်းကာသာပေလိမ့်
ရွှေညာမြေ မောင်းထုစရာ ဓာတ်အလှကိန်းကိုလ
ဝေဖြာစေ သောင်းဇမ္ဗူမှာ ဘဂုဂ်မျှ ဟိန်းအောင်ပ
(အိုကွယ်)
အကြောင်းပြု ကောင်းမှုတွေနဲ့
ပေါင်းစု၍ ထိန်း။ ။

**လွမ်းနောင်**

*

အရိပ်




# လွမ်းနောင်

မှန်းဆဖွေရှာ၊ စိတ်သလ္လာဝယ်

ပိတ်ကာဆီးဆို့၊ မြူတချို့ကို

သို့လော သို့လော ထင်မိသည်။

တမ်းတမြင်ရာ၊ အတွေးမှာလည်း

ထင်လာပုံရိပ်၊ ထိုအတိတ်ကို

အရိပ်ဟုပင်၊ စေ့စေ့မြင်သော်

ကိုယ်လျှင်ဖမ်းခက် ရှုံ့မိသည်။

ကိုယ်လည်းသူ့နောက်၊ တကောက်ကောက်ဖြင့်

လျှောက်၍ လိုက်ဖမ်း၊ မလွတ်တမ်းပေ့ါ

ပြေးစမ်းအရိပ်၊ မင်းချောင်းပိတ်လျှင်

ကိုယ့်စိတ်ထဲတွင် ပျော်မိသည်။

ကိုယ်လိုက်လျှင်မူ

ပြေးသူအရိပ်၊ စိုးရွံ့ထိတ်၏ ။

ကိုယ်ရပ်နေပြား

ဘေးနားမှာသူ ကျီစယ်မြူ၏ ။

ကိုယ်ပြေးခဲ့လျှင်

အစဉ်မကွာ၊ သူူလည်းပါ၏ ။

သြော်...

အရိပ်အရိပ်၊ အတိတ်သို့ပင်

ကိုယ့်ကိုမင်သည် အစဉ်လိုက်မြဲပါတကား။ ။

**နှင်းငွေ(မန္တလေး)**

* * *

ရတနာမြေ

# ဟိန်းစံ (ပဲခူး)


Hein San
Timeline
About
Friends
Friends
Photos
More
Ask
Like · Comment · Share

ရတနာမြေ

တို့ပြည်လော တို့ပြည်လော

ဟုတ်တည်း ငယ်ချင်းငယ်ချင်း

ဟုတ်တည်းမိတ်ရင်းမိတ်ရင်း

ရတနာဝေ

တို့မြေ တို့ပြည်။

လယ်မြေမြကွင်း ရွှေအဆင်

မှည့်ဝင်းလျှံဖြာ ပြည့်ရိက္ခာ

မြန်မာသာတော့တယ် သာတော့တယ်

ပဲ၊ နှမ်း၊ ဝါး၊ ပြောင်း၊ အထွက်ကောင်း

ထပ်လောင်းသီးနှံ ပေါပြည့်လျှံ

အမှန်ပြည့်ဝတယ် ပြည့်ဝတယ်။

ရေနံကျွန်းသစ် သတ္တုနှစ်

ထွန်းသစ်ရော်ဘာ ရတနာ

မြန်မာစုံပြည့်တယ် စုံပြည်တယ်။

ကျောက်မျက်နှင့်စိန် ထွန်းတောက်ထိန်း

ဂုဏ်သိဂ်မိုးထက် ပြည်တွင်းထွက်

ဖိတ်လက်ဝေတော့တယ် ဝေတော့တယ်။

မြန်မာ့ပင်လယ် ရေအောက်နယ်

ရှုဖွယ်သာမော ပုလဲတော

အံသြမကုန်တယ် မကုန်တယ်။

ဘုရားဂူကျောင်း၊ ကန်၊ တန်ဆောင်း

ရှေ့ဟောင်းအမွေ သာသည့်မြေ

မျိုးဆွေဂုဏ်တင့်တယ် ဂုဏ်တင့်တယ်။

အဆို အက ရေတီးကြ

မြန်မာရိုးရာ ဂုဏ်ထည်ဝါ

ကမ္ဘာသိကြတယ် သိကြတယ်။

တွေ့ကုန်လော။

ပြည့်စုံလော။

မွေ့ထုံလော။

**ဟိန်းစံ(ပဲခူး)**

*